
ပန်းဆက်လမ်း

# အမေကို ပြောဖြစ်သော စကားများ



မွန်ဟော်စီ
(Mon Halsey)

# အမေကိုပြောဖြစ်သော
# စကားများ
# မွန်ဟော်စီ



မွန်ဟော်စီ

(Mon Halsey)

(စာရေးသူ၏မိခင် အသက် ၇၀ ပြည့် မွေးနေ့ အမှတ်တရ)

***

ကျွန်မ၏ ကျေးဇူးရှင် မိခင်နှင့်တကွ

ကမ္ဘာပေါ်၌ရှိကြသော

လေးစားစရာ ...

ကျေးဇူးတင်စရာ ...

တန်ဖိုးထားစရာ ...

ချစ်မြတ်နိုးစရာ ...

လူကြီးမိဘများ အားလုံးအား ရိုသေလေးစား ဂါရဝဖြင့် ဤစာစုများကို ရေးသားပါသည်။

***

## အမှာစာ

အမှာစာရေးဖို့ ပျင်းရိတတ်ပေမဲ့ အမေကျေးဇူးဆပ်တဲ့ အမှတ်တရ စာအုပ်ကလေးမို့ ရေးလိုက်ပါတယ် ...။ အမေနဲ့ သမီးဟာ ... သူငယ်ချင်း တွေလို ညီအစ်မတွေလို နေကြတာမို့ ကျွန်မဟာ ... တစ်နေ့တစ်နေ့ အိမ်မှာ အမေနဲ့ စကားအများဆုံး ပြောဖြစ်တဲ့ သူဖြစ်ပါတယ် ...။ ဘာကိုမှ ကွယ်ဝှက်မထားခဲ့ဘဲ ကျွန်မ အပျိုဘဝမှာ အမေဟာ ... ကျွန်မ ရည်းစား တွေအကြောင်း နားမဆံ့အောင် နားထောင်ခဲ့ရဖူးပါတယ် ...။ သူ ကိုယ်၌ကတော့ အင်မတန် စကားနည်းတဲ့သူ ဖြစ်ပြီး ... ကျွန်မပြောသမျှ နားထောင်တဲ့ အလုပ်ကိုတော့ အခုထိလုပ်ပေးနေခဲ့တာပါပဲ ...။

အခု ကျွန်မအသက် လေးဆယ်ကျော်မှာ အမေနဲ့ ပြောဖြစ်တဲ့ စကားတွေ ဟာ လေးနက်မှုရှိလာပါတယ် ...။ တရားအကြောင်းတွေလည်း ပါလာပါ တယ် ...။ တရားတွေ နားထောင်ပြီးတိုင်း ... အမေ့ကို ပြန်ပြောပြနေမိ တယ် ...။ အမေကိုယ်တိုင်က အဲဒီတရားလေးကို စာလေးရေး လိုက်ပါလား ... Facebook ပေါ် တင်လိုက်ပါ ... စသည်ဖြင့် တောင်းဆိုလာတဲ့အခါ ကျွန်မမိခင်နဲ့ ရွယ်တူဖြစ်တဲ့ လူကြီး မိဘတွေပါ လိုက်ပါဖတ်ရှုခဲ့ကြတဲ့ အတွက် ကောင်းကျိုးတစ်ခုတော့ ဖြစ်ခဲ့ပြီဆိုပြီး ကျွန်မကိုယ်တိုင် ဝမ်းသာခဲ့ ရပါတယ် ...။ ဒါနဲ့ပဲ "အမေကိုပြောဖြစ်သော စကားများ' ဆိုတဲ့ စာအုပ်တစ် အုပ် ပေါ်ပေါက်လာခဲ့ရပါတယ် ...။

ကျွန်မက ... လူကြီးမိဘများအပေါ် ချစ်ခင်တတ်တဲ့သူ ဖြစ်ပါတယ် ...။ သူ တို့ရင်ထဲက စကားတွေကိုလည်း နားထောင်တတ်ဖို့ ... နားလည်နိုင်ဖို့ အမြဲ

ကြိုးစားခဲ့သူပါပဲ ...။ ကျွန်မတို့ဆီမှာ လူငယ်တွေအတွက် တက်ကျမ်းတွေ ... ဘဝလမ်းညွှန်ချက် စာအုပ်တွေ အများကြီးရှိနေပေမဲ့ ... လူကြီးတွေအတွက်ကျတော့ ... စိတ်ခွန်အားဖြစ်စေတဲ့ ... စိတ်အနေတတ်စေမဲ့ စာမျိုးတွေ အလွန် နည်းပါးတာကို တွေ့ရပါတယ် ...။ ဒီကွက်လပ်ကလေးကို ကျွန်မက စာရေးသူတစ်ယောက်အနေနဲ့ တစ်ထောင့် တစ်နေရာကနေ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီမို့ ဝမ်းသာမိပါတယ် ...။

ကျွန်မတို့ ကိုယ်တိုင် နေ့စဉ်နဲ့အမျှ အိုမင်းရင့်ရော်လာကြပါတယ် ...။ အသက်ရှည်ရှည်သာ နေခွင့် ရခဲ့ရင် ... တစ်ချိန်မှာ ဒီစာအုပ်ကို ကျွန်မ ကိုယ်တိုင်လည်း ပြန်ဖတ်ရဦးမှာပါ ...။

ကျွန်မမိခင်နဲ့အတူ လူကြီးမိဘများအားလုံး သက်ရှည် ကျန်းမာကြပါစေလို့ ဂါရဝရှေ့ထားပြီး ဆုတောင်းလိုက်ရ ပါတယ်ရှင် ...။

လေးစားချစ်ခင်လျက်

Mon Halsey

***